# ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်းကို (၁၁-၃-၂၀၂၅) ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သား များအား စေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် (SOP) များကို (၂၈-၃-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ နိုင်ငံအလိုက်စေလွှတ်ရေး လုပ်ငန်းစဉ် SOP များကို ၂၂-၃-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများ တွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ Facebook Page ၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင်လည်းကောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက် နိုင်ရေး အသိပေးကြေညာချက်တွင် ပြည်ပထွက်ခွာခွင့်နှင့် ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံးရုံးပိတ်ရက်(မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းကြေညာချက်နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အေဂျင်စီ အစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ကျွမ်းကျင်/ခွင့်ပြန် ဖြင့်ဖြစ်စေ OWIC ပြုလုပ်ခွင့်များနှင့် ပြည်ပထွက်ခွာ ခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ပေးပို့လာသည့် စာရင်းများအရ မိမိအစီအစဉ် ဖြင့် ခွင့်ပြန် OWIC လက်ဝယ်ရှိပြီးသူများသည် အပိုဒ်၁ ပါအချက်များကို လိုက်နာခြင်းမရှိသည့် အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ ပြည်ပသို့ထွက်နေကြောင်း စိစစ်တွေ့ရှိပါသည်။

၄။ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov.mm၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ OWIC လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာ မည်ဆိုပါက ၁၄-၁-၂၀၂၆ ရက်နေ့မှစတင်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြည်ပသို့ ပြန်လည်ထွက်ခွာရန် လိုအပ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | ကျွမ်းကျင်အလုပ်သမားများမှ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - အလုပ်သမားများမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် စာတိုက်၊ အမြန်ချော၊ ကိုယ်စားလှယ် သို့မဟုတ် လူကိုယ်တိုင် စသည့်နည်းလမ်းများဖြင့် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြခြင်း၊<br>(၁) Offer Letter (or) Demand Letter (မိတ္တူ)<br>(၂) ပြည်ဝင်ခွင့်အလုပ်ပါမစ် (မိတ္တူ) (စင်ကာပူနိုင်ငံသို့ဖြစ်လျှင် လစာ ၁၂၀၀ အထက် IPA Letter၊ သို့မဟုတ် S Pass IPA Letter မိတ္တူ၊ ဂျပန်နိုင်ငံသို့ဖြစ်လျှင် ကျွမ်းကျင် Visa မိတ္တူ)<br>(၃) အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ် (EC) မိတ္တူ<br>(၄) နိုင်ငံကူးလက်မှတ်မိတ္တူ<br>(၅) ဘွဲ့လက်မှတ်၊ သို့မဟုတ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် အသိအမှတ်ပြုလက်မှတ်မိတ္တူ<br>(၆) မိဘအုပ်ထိန်းသူ၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်နှင့် ရဲစခန်းထောက်ခံချက် | မြန်မာလုပ်သား |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း | - မှတ်ပုံတင်ထားသည့် ဦးစားပေးအဆင့်အတိုင်း ရက်သတ္တပတ် တစ်ပတ်စာအတွက် အပတ်စဉ် တနင်္လာနေ့တိုင်း အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန |
| ၃။ | ခွင့်ပြုချက်ရရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းကျောင်းသို့ အကြောင်းကြားခြင်းနှင့် ကြေညာပေးခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုပါက သင်တန်းတက်ရောက်မည့် အမည်စာရင်းကို ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကျောင်းသို့ အကြောင်းကြား၍ Safe Migration Telegram Channel တွင် ကြေညာပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄။ | သင်တန်းကျောင်းတာဝန်ခံမှ သင်တန်း တက်ရောက်ပြီးသည့် စာရင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - အလုပ်သမားများမှ သတ်မှတ်ရက်တွင် လမ်းညွှန်သင်တန်း တက်ရောက်ခြင်း(တစ်ရက်သာ)နှင့် သင်တန်းတက်ရောက်ပြီးစီးမှုစာရင်းကို သင်တန်းကျောင်းမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ပြီးသူများကို OWIC ပြုလုပ်ခွင့်ပြုခြင်း | - သင်တန်းကျောင်းမှတင်ပြလာသည့်စာရင်းကို ဦးစီးဌာနမှ စိစစ်၍ OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးတာဝန်ခံသို့ အကြောင်းကြားခြင်းနှင့် Safe Migration Telegram Channel တွင် ကြေညာပေးခြင်း၊<br>- OWIC တာဝန်ခံအရာရှိမှ အောက်ပါကတိပြု ဝန်ခံချက်မှုရင်းနှင့်အတူ OWIC ကတ်ထုတ်ပေးခြင်း-<br>(၁) စစ်မှုထမ်းဆောင်ရန်ဆင့်ခေါ်ခြင်း ခံရပါက ပြန်လာမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊<br>(၂) ဝင်ငွေခွန် ၂ % ကို ပေးဆောင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊<br>(၃) မိသားစုလွှဲပို့ငွေ ၂၅ % တရားဝင်ငွေလွှဲစနစ်ဖြင့် လွှဲပို့မည်ဖြစ်ကြောင်း ကတိခံဝန်ချက်၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊<br><br>မြန်မာလုပ်သား |
| ၆။ | ပြည်ပထွက်ခွာခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာလုပ်သားအနေဖြင့်OWICရရှိ၍လေယာဉ်လက်မှတ်ဝယ်ယူပြီးပါကအောက်ပါစာရွက်စာတမ်းများဖြင့် migrantdeparture@gmail.com သို့ ပြည်ပထွက်ခွာခွင့်ကို အနည်းဆုံးရုံးပိတ်ရက် (မပါ) ၅ ရက် ကြိုတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လျှောက်ထားခြင်း-<br>(၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပထွက်ခွာခွင့်ပြုရန် လျှောက်ထားသည့်စာ၊<br>(၂) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်းစာမျက်နှာ)<br>(၃) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ရှေ့/နောက် မိတ္တူ၊<br>(၄) လေယာဉ်လက်မှတ်မိတ္တူ၊ | မြန်မာလုပ်သား |
| ၇။ | အလုပ်သမားညွှန်ကြားရေးမှ စိစစ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ပြည်ပထွက်ခွာခွင့်ပြုသည့်စာရင်းကို လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်းနှင့် Safe Migration Telegram Channel တွင် ကြေညာခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း ပြည်ပသို့ထွက်ခွာခြင်းမရှိပါက ပြည်ပထွက်ခွာခွင့် တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၈။ | ပြည်ပထွက်ခွာစာရင်းကို သတင်းပို့ခြင်း | - လေဆိပ်တာဝန်ခံမှ ပြည်ပထွက်ခွာသည့် အလုပ်သမားစာရင်းကို သတ်မှတ်ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ နေ့စဉ် တင်ပြခြင်း၊ | လေဆိပ်တာဝန်ခံအရာရှိ |
| ၉။ | ပြန်လည်ဝင်ရောက်မှု သတင်းပို့ခြင်း | - အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ migrantarrival@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြခြင်း။ | မြန်မာလုပ်သား |

မှတ်ချက်။ (၁) မိမိအစီအစဉ်အနေဖြင့် ကျွမ်းကျင်အလုပ်သမားအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် လျှောက်ထားလာမှုများကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ စိစစ်လက်ခံသွားမည်ဖြစ်ပါသည်။

(၂) မိမိအစီအစဉ်အနေဖြင့် ကျွမ်းကျင်အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လျှောက်ထားပြီးသည့်စာရင်းများကို မှတ်ပုံတင်ထားသည့် ဦးစားပေးအဆင့်အတိုင်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။